MOQC MICHIGAN ONCOLOGY QUALITY CONSORTIUM

Blue Cross Blue Shield of Michigan

Nonprofit corporations and independent licensees of the Blue Cross and Blue Shield Association

# စမ်းသပ်စစ်ဆေးခြင်း

### ဓာတ်မှန်

- ဓာတ်ရောင်ခြည်အနည်းငယ်သုံးရုံမျှဖြင့် ကိုယ်တွင်းအင်္ဂါများနှင့် တစ်ရှူးများ၏ပုံရိပ်ကို ရိုက်ယူနိုင်သည်
- အကျိတ်များသည် ဓာတ်ရောင်ခြည်စုပ်ယူနိုင်သည့် နှုန်းကို ပြောင်းလဲသွားစေသည်
- ကင်ဆာအကျိတ်ရှိနေမှု၊ ကြီးထွားနေမှု သို့မဟုတ် ကုထုံးအပေါ်တုံ့ပြန်မှုကို ဖော်ပြပေးနိုင်သည်

### ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများကို ကွန်ပျူတာဓာတ်မှန်ရိုက်ခြင်း (COMPUTED TOMOGRAPHY, CT)

- ခန္ဓာကိုယ်အတွင်းပိုင်း ပုံရိပ်များကို ရိုက်ကူးပေးသည့်၊ လိုဏ်ခေါင်းပါရှိသည့် စက်အကြီးစားဖြစ်သည်
- ကင်ဆာအကျိတ်ရှိနေမှု၊ ကြီးထွားနေမှု သို့မဟုတ် ကုထုံးအပေါ်တုံ့ပြန်မှုကို ဖော်ပြပေးနိုင်သည်
- မနာမကျင်ဘဲ မြန်မြန်ဆန်ဆန်ရိုက်ကူးပေးသည်။ ကင်ဆာဆဲလ်ဖွဲ့တည်ပုံကို ဖော်ပြနိုင်ရန်အတွက် လက် သို့မဟုတ် လက်မောင်းတွင် အပ်အသေးစားဖြင့် ဆေးရောင်ခြယ်ရိုက်ကူးရန် သမားတော်က ညွှန်ကြားနိုင်သည်

### သံလိုက်စွမ်းအားဖြင့် ပုံရိပ်ဖော်၍ ရောဂါရှာဖွေခြင်း၊ အမ်အာအိုင် (MAGNETIC RESONANCE IMAGING, MRI)

- ခန္ဓာကိုယ်အတွင်းပိုင်းပုံရိပ်များကို ရေဒီယိုလှိုင်းများ၊ သံလိုက်စွမ်းအင်များဖြင့် ရိုက်ကူးယူခြင်းဖြစ်သည်
- လိုဏ်ခေါင်းပါရှိပြီး ဆူညံသံထွက်သည့် စက်အကြီးစားဖြင့် လူနာကို စစ်ဆေးပေးသည်
- ကင်ဆာအကျိတ်ရှိနေမှု၊ ကြီးထွားနေမှု သို့မဟုတ် ကုထုံးအပေါ်တုံ့ပြန်မှုကို ဖော်ပြပေးနိုင်သည်
- ဆေးရောင်ခြယ်ရိုက်ကူးခြင်းများပါဝင်နိုင်သည်
- ရိုက်ကူးပြီးစီးရန် မိနစ် 30-60 သို့မဟုတ် ၎င်းထက်ပို၍ အချိန်ပေးရသည်

### ရောင်ခြယ်ကွန်ပျူတာဓာတ်မှန် (POSITRON EMISSION TOMOGRAPHY, PET)

- ခန္ဓာကိုယ်အတွင်းပိုင်းပုံရိပ်များကို ရေဒီယိုလှိုင်းများ၊ သံလိုက်စွမ်းအင်များဖြင့် ရိုက်ကူးယူခြင်းဖြစ်သည်
- လိုဏ်ခေါင်းပါရှိပြီး ဆူညံသံထွက်သည့် စက်အကြီးစားဖြင့် လူနာကို စစ်ဆေးပေးသည်
- ကင်ဆာအကျိတ်ရှိနေမှု၊ ကြီးထွားနေမှု သို့မဟုတ် ကုထုံးအပေါ်တုံ့ပြန်မှုကို ဖော်ပြပေးနိုင်သည်
- ဆေးရောင်ခြယ်ရိုက်ကူးခြင်းများပါဝင်နိုင်သည်
- ရိုက်ကူးပြီးစီးရန် မိနစ် 30-60 သို့မဟုတ် ၎င်းထက်ပို၍ အချိန်ပေးရသည်

### အာလ်ထရာဆောင်း (ULTRASOUND, US)

- ခန္ဓာကိုယ်အတွင်းပိုင်းပုံရိပ်များကို ထုတ်လုပ်နိုင်ရန် အသံလှိုင်းများကို အသုံးပြုရိုက်ကူးသည်
- ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများ၏အရွယ်အစား၊ ပုံသဏ္ဍာန်၊ ခန္ဓာကိုယ်အစိတ်အပိုင်းများနှင့် အနီးဝန်းကျင်ရှိ တစ်ရှူးများ၏ တည်နေရာကို ပြသသည်
- အစိုင်အခဲဖြစ်စေ၊ အရည်ဖြစ်စေ၊ ဒြပ်ထုသဖွယ် စုဖွဲ့နေသည့် နေရာများကို ဖော်ပြပေးနိုင်သည်
- သားဥအိမ်ကင်ဆာရှိမရှိ စစ်ဆေးရန်အတွက် သားအိမ်လမ်းကြောင်း ပုံရိပ်ရယူရန် သမားတော်က ညွှန်ကြားနိုင်သည်

### အစာအိမ်နှင့် အူလမ်းကြောင်းအကဲဖြတ်သုံးသပ်မှု (GASTRIC INTESTINAL, GI)

- စအိုလမ်းကြောင်း၊ အူသိမ်နှင့် အူမကြီးတွင် ကင်ဆာရှိမရှိစစ်ဆေးပေးသည့် မည်သည့်စစ်ဆေးမှုမဆို
- တိကျမှုအရှိဆုံး စစ်ဆေးမှုများမှာ အူမကြီးမှန်ပြောင်းစစ်ဆေးမှု နှင့်/သို့မဟုတ် အစာအိမ်လမ်းကြောင်းတလျှောက် မှန်ပြောင်းကြည့်ခြင်း- အစာအိမ်နှင့် အူလမ်းကြောင်းအတွင်းပိုင်းကို မှန်ပြောင်းဖြင့် ကြည့်ခြင်း သို့မဟုတ်တ အသားစထုတ်ယူခြင်း
- ကိုယ်ခန္ဓာကို ထိုးဖောက်စရာမလိုဘဲ စစ်ဆေးနိုင်သည့် အသုံးများသော အခြားစစ်ဆေးမှုများမှာ အိတ်ကဲစရေးဓာတ်မှန်၊ CT နှင့် PET စကန် များဖြစ်ပါသည်

### သွေးစစ်ခြင်းများ

- မျိုးဗီဇစစ်ဆေးမှု – မိသားစုကျန်းမာရေးရာဇဝင်ကို စစ်ဆေးခြင်းဖြစ်သည်
- CA-125 – သားဥအိမ်ကင်ဆာဖြစ်နိုင်ခြေရှိမရှိ စစ်ဆေးမှု
- CBC – သွေးဥအမျိုးမျိုး၏အရေအတွက်စစ်ဆေးခြင်း (ဥပမာ- ဟေမိုဂလိုဘင်၊ သွေးဥမွှားများ)
- ဓာတုပရိုဖိုင် – ဓာတ်ဆားများ (ဥပမာ- ဆိုဒီယမ်၊ ပိုတက်ဆီယမ်)
- အသည်းလုပ်ဆောင်ချက် (ဥပမာ- အင်ဇိုင်းများ)

### အသားစထုတ်ယူစစ်ဆေးခြင်း

- ခွဲစိတ်ဆဲကာလတွင် အသားစနမူနာကို ထုတ်ယူလိုက်ခြင်း
- ခွဲစိတ်မှုမတိုင်မီ အသားစကို အပ်ငယ်ဖြင့် ထုတ်ယူ၍လည်း စစ်ဆေးနိုင်သည်
- ရောဂါဗေဒဓာတ်ခွဲခန်းသို့ပို့၍ စစ်ဆေးပါ